**ရှမ်းလူ့အခွင့်ရေးမဏ္ဍိုင်မှ နောက်ဆုံးရသတင်း**

**၂၇ / မေ / ၂၀၁၅**

## ရှမ်းပြည်နယ်မြောက်ပိုင်း အဝေးပြေးလမ်းမပေါ်သို့မြန်မာစစ်တပ်မှပစ်ခတ်မှုကြောင့်၂ နေရာပေါက်ကွဲပြီးအရပ်သားတစ်ယောက်သေဆုံး၊သုံးဦးဒဏ်ရာရ။

လားရှိုး-သိနီ္ပမြို့အဝေးပြေးလမ်းမကြီးပေါ်၌မြန်မာစစ်တပ်မှပစ်ခတ်မှုကြောင့် ကားနှင့် ဆိုင်ကယ် ကိုထိမှန်ပြီး လူကြီး တစ်ယောက်သေ၊ သုံးဦးဒဏ်ရာရ သည့်အနက် မိန်းမကြီးတစ်ယောက်နဲ့ ၁၆ နှစ်မိန်းကလေးငယ်တစ်ဦးတို့ဖြစ်ကြသည်။

၁၄/၀၄/၂၀၁၅ ရက်နေ့ နံနက် ၈ နာရီကျော်ကျော်အချိန်လောက်တွင် ဟွန်ဒါ ကားပေါ်တွင် မိသားစု ငါးဦး တို့သည်ရှမ်းပြည်န်ယ်မြောက်ပိုင်းလားရှိုးမှ သိနီ္ဓမြို ့သို ့ခရီးဦးတည်လာခဲ့ကြသည်။ ကားထဲတွင်အဖေဖြစ်သူဦးမင့်နိုင်မှာယာဉ်မောင်းပြီးသူ၏ဇနီးပေါ့ဟန် (ဒေါ်ဟန်) မှာယာဉ်မောင်း၏ဘေးတွင်ထိုင်ပြီးကျန်သားသမီးသုံးယောက်မှာအနောက်ထိုင်ခုံတွင်စီးနှင်းလိုက်ပါလာခဲ့သည််။သမီးဖြစ်သူ နန်းခွမ်နန်အသက်၁၆ နှစ်၊ စိုင််င်းဖြိုးဝေလင်းအသက် ၁၀ နှစ်အပြင်နန်းစိုင်စိုင်ဆိုင်အသက်၉နှစ်တို့ဖြစ်ကြသည်။

မိုင်းလီရွာအရောက်တွင်သမီးငယ်မှာကားမူးသဖြင့်ဖခင်ဖြစ်သူဦးမင့်နိုင်မှာကားကိုဦးတည်ရာခရီးကိုအမြန်ရောက်ရန်အရှိန်မြင့်မောင်းလိုက်သည်။သူတို့၏ကား ရှေ့တွင်စစ်ယာဉ်တန်း၂၀ စီးတို့ကလည်းသူတို့

၏ဦးတည်းရာခရီးတစ်ခုတည်းဖြစ်နေသည်။ဦးမင့်နိုင်မှာထိုစစ်ယာဉ်တန်းကိုကျော်ဖြတ်ရန်ကြိုးစားခဲ့သည်။

ထိုသို့စစ်ယာဉ်တန်းကိုကျော်ဖြတ်လာရာနောက်ဆုံးယာဉ်တန်းတစ်စီးအရောက်တွင်သနီ့ပဘက်မှဆိုက်ကယ်တစ်စီးလာနေခြင်းကတစ်ကြောင်း၊ကျော်ဖြတ်လာသောစစ်ယာဉ်တန်းမှာလည်းအနည်းငယ်အလှမ်းဝေးနေသေးခြင်းကြောင့်ဦးမင့်နိုင်မှာကားကိုလမ်း၏ဘေးတစ်ဘက်တစ်ချက်သို့ရပ်ရန်ဆုံးဖြတ်ချက်ချလိုက်သည်။

ကားရပ်ပြီးမကြာခင်အချိန်တွင်မူလက်နက်ပေါက်ကွဲသံအပြင်သေနတ်ပစ်သံတို့ပါကြားလိုက်သည်။ယာဉ်မောင်းဦးမင့်နိုင်မှာလက်မောင်း၊ပခုံးနှင့်ခြေထောက်ကိုထိမှန်ဒဏ်ရာရခဲ့သည်။သူ၏ဇနီးပါ့ဟန်(ဒေါ်ဟန်)မှာမူကားနောက်တွင်ထိုင်နေသောသားသမီးကိုလှမ်းကြည့်လိုက်ရာကားနောက်ပိုင်းမှန်မှာကြေမွပျက်စီးပြီးသူ၏သမီးဦးခေါင်းတွင်သွေးတို့ဖြင့်ပြည့်နှက်နေသည်ကိုတွေ့လိုက်ရသည်။



*မြန်မာစစ်တပ်မှပစ်ခတ်သောသေနတ်ကျည်ပေါက်များ*

များမကြာခင်အချိန်တိုအတွင်းတွင်နောက်ထပ်ပေါက်ကွဲသံတစ်ခုထပ်မံဖြစ်ပွားခဲ့သည်။ထိုပေါက်ကွဲမှုသည်ဦးမင့်နိုင်တို့ကျော်တက်ရန်ကြိုးစားသောဆိုင်ကယ်တစ်စီးဖြစ် ပြီး ထိုဆိုင်ကယ်ပေါ်တွင်ဦးဆုအသက်၄၀မှာဆိုင်ကယ်မောင်းသူဖြစ်ပြီးသူ၏ဇနီးပါ့ဆိုင်(ဒေါ်ဆိုင်) မှာဆိုင်ကယ်နောက်တွင်လိုက်ပါလာ

သူတို့ကိုထိမှန်သဖြင့်ဦးဆု၏ရင်အုပ်ကိုထိမှန်ပြီးပါးစပ်တွင်သွေးထွက်ပြီးပွဲချင်းပြီးသေဆုံးပြီးပဲ့ဟန်(ဒေါ်ဟန်)မှာမူပခုံးနှင့်ခြေသလုံးတို့ကိုထိမှန်ဒဏ်ရာပြင်းထန်စွာရခဲ့သည်။

ပေါက်ကွဲသံနောက်ပိုင်းတွင်ကားပေါ်မှခရီးသွားဦးမင့်နိုင်မိသားစုတို့သည်မိုင်းလီနတ်စင်တစ်ဝိုက်ချုံထဲမှမြန်မာစစ်သား၂၀ ယောက်လောက်လက်နက်များကိုင်လျှက်လမ်းမပေါ်တို့ထွက်လာသည်ကိုမြင်ခဲ့ကြသည်။



*မြန်မာစစ်တပ်မှလက်နက်ကြောင့်လူကိုထိမှန်အနာတရ ရရှိပြီးသွေးများစွန်းထင်းပေကျံ*

ပန်ဖတ်ရွာအနီးနားတစ်တစ်ဝိုက်မှရပ်သူရွာသားတို့မှာလည်းထိခိုက်ဒဏ်ရာရသူတို့ကိုသနွီဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။ ယောက်ကျား ဖြစ်သူဦးလုံးဆုကို်သိနီ္ဓသေုသန်တွင်မြေမြ ပ်သ်ချိုပြီးဒေါ်ပဲ့ဆိုင်ကိုသိန္ဓီဆေးရုံတွင်ဆေးကုသမှုကိုခံယူစေခဲ့သည်။ယ္ခုပဲ့ဆိုင်(ဒေါ်ဆိုင်)မှာဆေးရုံဆင်းပြီးအိမ်တွင်ပြန်လည်၍ကျန်းမာရေးအတွက်အားမွေးနေဆဲဖြစ်ပါသည်။

နန်းခွမ်နန်အသက်၁၆နှစ်ကားသမားဦးမင့်နိုင်၏သမီးဖြစ်သူမှာခေါင်းမှကျည်အစအနတွေအတွက် လားရှိုးဆေးရုံတွင်ခွဲစိတ်မှုခံယူပြီးနောက် ခေါင်းမှကျန်ရှိနေသေးသောကျည်စတွေကိုဒုတိယအကြိမ်ထပ်မံခွဲထုတ်ရန်

မန္တလေး ဆေးရုံသို့ပိုိ့ဆောင်ခဲ့သည်။ခွဲစိတ်မှုပြီးစီးသည့်နောက်မှာတော့သူမစကားပြန်လည်ပြောဆိုနိုင်ခဲ့ပြီဆိုသော်ငြားလည်းသူမ၏ဦးခေါင်းညာဘက်ကိုထိခိုက်မှုကြောင့်သူမ၏ဘယ်ဘက်ခန္ဓာကိုယ်ကိုမှုလှုပ်နိုင်ခြင်းမရှိသေးပေ။



*ခရီးသည်ဖြစ်သူနန်းခွမ်နန်ဒဏ်ရာရ*

သူမ၏ဖခင်ဦးမင့်နိုင်မှာလည်းလက်မောင်း၊ပခုံးနှင့်ခြေသလုံးတို့ကိုထိမှန်ဒဏ်ရာရခဲ့သည့်ပြင်ယခုဆေးဖိုးဝါးခမှာသိန်း၄၀ကျပ် ၄၀၀၀ ယူအက်(စ်)ဒေါ်လာကုန်ဆုံးနေပြီဖြစ်ပါသည်။ယခုအဖြစ်အပျက်သည်ဦးမင့်နိုင်တစ်ယောက်သူများကားငှားလာသဖြင့်ကားမှာဗုံးနှင့်သေနတ်ကျည်ဆံတို့ကြောင့်အတော့်ကိုပျက်စီးနေပြီဖြစ်ပြီးကားပိုင်ရှင်ကိုသိန်း၇၀ကျပ်ပြန်လည်လျော်ပေးရမည်ဖြစ်ပါသည်။

ဒီအမှုအခင်းနှင့်ပက်သက်ပြီးမြန်မာစစ်တပ်မှမည်သည့်တာဝန်မှယူဆောင်ဖြေခြင်းမှုမရှိ

## ၂။ မူဆယ်မြို့အနီးတွင်မြန်မာစစ်တပ်မှသေနတ်ဖြင့်ပစ်ခက်မှုကြောင့် ဆိုင်ကယ်စီးသူတစ်ယောက်ဒဏ်ရာရ

မေလ ၁၂ ရက်နေ့၂၀၁၅ ခုနှစ် ညနေပိုင် ၈ နာရီ ၁၀ မိနစ်အချိန်တွင်ဆိုင်ကယ်တစ်စီးမူဆယ်နမ့်ခမ်းလမ်းမကြီးပေါ်တွင်တည်ရှိသောနမ့်ကြွတံတားကိုဖြတ်ကျော်လာရာမြန်မာစစ်တပ်မှခြေလျင်တပ်တပ်ရင်း ၈၃ မှဆိုင်ကယ်မောင်းသူကိုသေနတ်နှင့်ပစ်ရာဆိုင်ကယ်မောင်းသူမှာဒဏ်ရာအပြင်းထန်ရခဲ့သည်။

ဆိုင်ကယ်မောင်းသူစိုင်းလျှန်းပန်အသက်၁၆နှစ်မှာသူ၏ရည်းစားအိမ်အခြားရွာမှလည်၍ပြန်လာခဲ့သည်။စိုင်းလျှန်းပန်မှာသေနတ်၅ချက်ကိုထိမှန်ဒဏ်ရာရခဲ့သည်။ကျည်တစ်တောင့်မှာသူ၏ဦးခေါင်းကိုထိမှန်ပြီး၊ကျည်နှစ်တောင့်မှာသူ၏ပခုံးနှင့်ကျန်နှစ်တောင့်မှာသူ၏ပေါင်နှင့်ညှို့သကျည်းကိုထိမှန်ခဲ့သော်လည်းစိုင်းလျှန်းပန်မှာကြောက်ကြောက်နှင့်ဆိုင်ကယ်ကိုသူ့အိမ်ရောက်သည်အထိဆက်မောင်းခဲ့သည်။



*ဆိုင်ကယ်မောင်းနှင်သူစိုင်းလျှန်းပန်မြန်မာစစ်တပ်မှသေနတ်ဖြင့်ပစ်ခတ်ခြင်းကြောင့်ဒဏ်ရာရ*

တစ်ပတ်အကြာတွင်စိုင်းလျှန်းပန်ရဲ့မိဘများသည်ဆရာမနန်းငွေအပြင် မူဆယ် SNDP ပါတီအဖွဲ့ဝင်ကိုဒီ အကြောင်းနှင့်ပတ်သက်ပြီးမြန်မာစစ်တပ်ကိုကန့်ကွက်စွဲချက်တင်ရန်စာတစ်စောင်တင်ခဲ့သည်။သို့ရာ တွင်ခုချိန်ထိသူတို့မိသားစုမှာဘာမှပြန်စာမရသေးပဲရှိနေခဲ့ပါသည်။

တပ်ရင်း ၈၃ သည်မြန်မာစစ်တပ်၊ တပ်မ ၈၈ အောက်တွင်ရှိပြီး မူဆယ်ဈေးအနီးမူဆယ်မြို ့နယ်ဝမ့်ကို ဒေါင်တွင်အခြေစိုက်ထားသောတပ်မဖြစ်သည်။ အဲ့ဒီတပ်မသည်ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တစ် လျှောက်တွင်လှုပ်ရှားသောတပ်မဖြစ်ပြီးအထူးသဖြင့် KIA နှင့်စစ်ဖြစ်ရာ ဧပြီလ အလယ်ပိုင်း ၂၀၁၄ အ တွင်းကတည်းကဖြစ်ပါသည်။

အသေးစိတ်သိလိုပါကဆက်သွယ်ရန်လိပ်စာ

ဝပ်(ဖ်)ဆိုက်   www.shanhumanrights.org

စိုင်းဟော်ရှဲန်          ဖုန်း (၀) ၉၃-၂၆၄-၉၄၈၇   ( ရှမ်း၊အင်္ဂလိပ် )

စိုင်းခွန်းမိုင်          ဖုန်း (၀) ၉၄-၆၃၈၆-၇၅၉   ( မြန်မာ၊အင်္ဂလိပ် )

ရုံးဖုန်း          ဖုန်း (၀) ၉၃-၂၉၇-၇၇၅၄